P.S.L.F/T.N.L.A သတင်းနှင့်ပြန်ကြားရေးဌာန ၏ စစ်သတင်း ထုတ်ပြန်ချက်

---------------------------------------------------------------------------

၅ ရက် နိုဝင်ဘာလ ၂၀၁၃ ခုနှစ်

မြန်မာတပ်မတော် ခလရ ၁၂၃၊ ၄၅၊ ၁၄၃ နှင့် ၁၄၅ ပူးပေါင်းစစ်ကြောင်းတို့သည် ကွတ်ခိုင်မြို့နယ် နမ့်ဖက်ကာအုပ်စု ဂျုံနန်းရွာအနီးတောတန်းတွင် ပျောက်ကျားအခြေစိုက်နေသော တအန်းတပ်မတော် တပ်ရင်း ၁၁၂ အား အပြင်းအထန်ထိုးစစ်ဆင်သဖြင့် ညနေ ၁၆း၃၅ နာရီခန့်မှ ၁၈း၀၀ နာရီ မိုးချုပ်သည်အထိ တိုက်ပွဲဖြစ်ပွားခဲ့သည်။

မြန်မာတပ်ရင်း ၂ ရင်းသည် နမ့်ဖက်ကာမှနေပြီး နေ့လယ်ပိုင်းတွင် ထိုတိုက်ပွဲဖြစ်ရာဒေသသို့ အင်အားဖြည့်ရန် ထွက်ခွာသွားပြီးနောက် ညနေမိုးချုပ်လုအချိန်တွင် စတင်ထိုးစစ်ဖွင့်ခြင်းဖြစ်သည်။
အင်အား ၃၀၀ ခန့်ရှိ မြန်မာတပ်ပေါင်းစုသည် တအန်းတပ်ရင်း ၁၁၂ ကို အဝေးမှနေပြီး ၆၀မမ၊ ၈၀ မမ လက်နက်ကြီးများဖြင့် ဆက်တိုက် ပစ်ခတ်ကာ TNLA ပြောက်ကျားတပ်ရှိရာစခန်းဆီသို့ အပြင်းထိုးစစ်ဆင်ခဲ့သည်။

TNLA ပြောက်ကျားတပ်ဖွဲ့တို့သည် မြန်မာတပ်ပေါင်းစုကို ပြောက်ကျားစခန်းတွင် အသင့်စောင့်ဆိုင်းခဲ့ကြပြီး ရန်သူမှလက်နက်ကြီးများဆက်တိုက်ပစ်ခတ်ရှင်းလင်းပြီးနောက် ၁၇း၀၀ နာရီခန့်တွင် တအန်းတပ်ဖွဲ့တို့ ထောင်ထားသည့် ရှေ့ထွက်မိုင်းများနင်းမိကာ နှစ်ဘက်အပြန်အလှန်တိုက်ပွဲများ စတင်ခဲ့ကြသည်။

လက်နက်ကြီးများ တရစပ်ပစ်ခတ်ကာ ဆက်လက်ထိုးစစ်ဆင်ခဲ့ရာ ညနေ ၁၈း၀၀ နာရီခန့် အလင်းရောင်ပျောက်လုချိန်တွင် တိုက်ပွဲသံများရပ်စဲခဲ့ပြီး တအန်းတပ်ဖွဲ့လည်း ထိုပြောက်ကျားစခန်းမှ ဆုတ်ခွာပြောင်းရွှေ့ခဲ့ကြသည်။
သို့သော်မြန်မာတပ်များသည် တအန်းတပ်ဖွဲ့ ပျောက်ကျားစခန်းသို့ ဆက်မတက်ဝံ့ပဲ တဘက်တောင်ကုန်းတွင် ဆက်လက်နေရာယူနေဆဲရှိပြီး တိုက်ပွဲများဆက်လက်ဖြစ်ပွားမည့် အနေအထားရှိနေဆဲဖြစ်သည်။

တိုက်ပွဲတွင် TNLA ပြောက်ကျားတပ်ဖွဲ့ ၁ ဦး ရန်သူလက်နက်ကြီး ကျည်စ ထိမှန်ပြီး လက်မောင်းတွင် အနည်းငယ်ဒါဏ်ရာရရှိသည်။ တိုက်ပွဲဖြစ်ပြီး ညမှောင်သွားသဖြင့် မြန်မာတပ်ဖက် ထိခိုက်ကျဆုံးမှုကို တိတိကျကျ မသိရှိရသေးပေ။

သတင်းနှင့်ပြန်ကြားရေးဌာန
P.S.L.F/T.N.L.A